# အမေ မဟုတ်သော အမေ့အကြောင်း

အရှင်ဉာဏိက



မနှစ်က နယူးယောက်ကိုသွားခဲ့စဉ် တည်းခိုရာ လောကချမ်းသာကျောင်းက မထွက်ခွါမီမှာ ကိုယ်အိပ်ခဲ့တဲ့နေရာဘေး ဂရုစိုက်ပြီး ကြည့်ဖြစ်ခဲ့တယ်။ ခရီးသွားတိုင်း တခုခု မေ့ကျန်လေ့ရှိတဲ့ ကိုယ့်အားနည်းချက်ကို သိနေလို့ ဂရုစိုက်ကြည့်ဖြစ်ခဲ့တာ။ ဒီတစ်ခါတော့ ဘာမှ မေ့ မကျန်နိုင်လောက်တော့ဘူး ဆိုပြီး ကိုယ့်ကိုယ်ကို သေချာနေခဲ့လို့ ကျေနပ်မိခဲ့သေးတယ်။ကိုယ့် ကျေနပ်မှုက ကြာရှည်မခံလိုက်ပါဘူး။ ကိုယ့်နေရာပြန်ရောက်လို့ နောက်နေ့မှာ ကွန်ပြူတာ သုံးမယ်ဆိုတော့ ကွန်ပြူတာ အဒက်ပတာကြိုးက ရှာလို့မတွေ့ဖြစ်နေတယ်။ ဒီတော့မှ အဒက်ပတာ မေ့ကျန်ရစ်တာကို သိတော့တယ်။ ဒီလောက် ဂရုစိုက်တဲ့ကြားကနေ ကျန်ဖြစ်အောင် ကျန်ခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကို အပြစ်ပြန်တင်မိတယ်။ ကွန်ပြူတာလည်း လေးရက်လောက် မသုံးရ။ ဟိုကနေ အမြန်ပို့ပေးရတဲ့ မိတ်ဆွေကြီး ဦးဝဏ္ဏတလည်း အလုပ်တွေ ပိုသွားရတယ်။ ကိုယ်က ကိုယ်အိပ်တဲ့အိပ်ရာဘေးလေးမှာပဲ ဂရုစိုက်ကြည့်ခဲ့တာ။ ကိုယ် ကွန်ပြူတာသုံးခဲ့တာက အိပ်ရာနဲ့ဝေးတဲ့ အခြားတစ်နေရာမှာဆိုတော့ မေ့ကျန်ရစ်ခဲ့တာပေါ့။ ကိုယ့်နေရာ ကွက်ကွက်လေးကိုပဲကြည့်ပြီး ဂရုစိုက်မိတဲ့

ကိုယ့်အဖို့ သခ်န်းစာ ကောင်းကောင်းရခဲ့ပါတယ်။ နောင်ဆို ကိုယ့်နေရာလေး ထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ဂရုထားရမယ်လို့ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်လည်ကာ သတိပေးမိပါတယ်။

ပြီးခဲ့တဲ့နွေက အင်္ဂလန်ဖက်ကို ခရီးသွားဖြစ်တယ်။ အင်္ဂန်နိုင်ငံတစ်ဝှမ်း နေရာတော်တော်များများကို ရောက်ဖြစ်ခဲ့တယ်။ နောင်မှာ အလျင်းသင့်လျင် ကိုယ်သွားခဲ့၊ ရောက်ခဲ့တဲ့နေရာတွေရဲ့ အတွေ့အကြုံတွေကို စာရေးလိုက ပြန်ရေးနိုင်အောင်ဆိုတဲ့ စိတ်ကူးရှိလို့ ရောက်တဲ့နေရာများရဲ့ အမှတ်ရဖွယ်၊ စိတ်ဝင်စားဖွယ်ထင်တဲ့ အချို့ကို မှတ်တမ်းဓာတ်ပုံလည်း ရိုက်ဖြစ်ပါတယ်။ ရိုက်ပြီးသမျှ ဓာတ်ပုံတွေကိုလည်း ကွန်ပြူတာထဲမှာထည့်သိမ်း၊ တကယ်လို့ ကွန်ပြူတာ မတော်တဆ ပျက်စီးခဲ့လျင်လည်း ပုံတွေ မဆုံးရှုံးရလေအောင်ဆိုပြီး USB ဒရိုက်ဗ်ထဲမှာလည်း မူပွားတစ်ခုအဖြစ် သိမ်းထားလိုက်တယ်။ ကွန်ပြူတာ လွတ်ကျခဲ့လို့ ပျက်ဖူးတဲ့အတွေ့အကြုံကို အရင်တစ်ခါ အာရှဖက် ခရီးသွားစဉ်က ရဖူးထားပြီလေ။ ဒီတစ်ခါတော့ သေချာပြီပေါ့။ ကိုယ့်ရဲ့ ကြိုကြိုတင်တင် လုပ်ဆောင်မှုအတွက် ကိုယ့်ကိုယ်ကိုယ်တောင် ပြန်လည်ဂုဏ်ပြုရမလိုလိုပါပဲ။

ကွန်ပြူတာက လွတ်ကျမှ ပျက်တတ်တာမျိုးမှ မဟုတ်တာ။ ဖြစ်ချင်တော့ ကိုယ်အများဆုံး တည်းခိုခဲ့တဲ့ လန်ဒန်ဝိဟာရကနေ လေးရက်ခန့် သွားရောက်တည်းခိုတဲ့ တိသရဏကျောင်းကိုအကူး လန်ဒန်မြေအောက် ရထားဘူတာရုံနဲ့ ဘတ်စကားဂိတ်ကနေ တိသရဏကိုအသွားမှာ ဘီးတပ်လက်ဆွဲအိတ်ထဲ ထည့်ပြီး ကွန်ပြူတာကို ဆွဲခဲ့လို့ မညီမညာဖြစ်နေတဲ့ လမ်းရဲ့ဒဏ်ချက်ကြောင့် အတွင်းက ကွန်ပြူတာက တစ်ခုခုဖြစ်သွားပုံရတယ်။ ကွန်ပြူတာက ပုံမှန် အလုပ်မလုပ်တော့သလို အတွင်းမှာ ထည့်ထားတဲ့ ပုံအချို့လည်း ပျက်စီးသွားတယ်။ USB ဒရိုက်ဗ်ထဲမှာ ကြိုတင်ပြင်ဆင်ကူးယူထားခဲ့မိလို့သာပေါ့။ နို့မဟုတ်လို့တော့ ကိုယ့်မှတ်တမ်းပုံတွေ ဆုံးပြီပေါ့။ ပျက်တတ်ခြင်းဆိုတာက မထင်မှတ်တဲ့ ထောင့်ကနေ ဝင်လာနိုင်တတ်တာလေ။

လန်ဒန်ကနေပြန်ခါနီးမှာတော့ အရေးကြီးတာ မေ့ကျန်မှုမရှိရလေအောင် အထူးအထူးကို ဂရုစိုက်ပြီး ကိုယ့်အသုံးအဆောင်တွေကို ပြန်ဖို့တစ်ရက်အလို ကတည်းက ကြိုတင်သိမ်းဆည်းခဲ့တယ်။ အထူးသဖြင့် ရေးထားတဲ့ မှတ်စု အတိုအထွာတွေနဲ့ ပုံတွေထည့်တားတဲ့ USB ဒရိုက်ဗ်ရယ်။ ဓာတ်ပုံနဲ့ ဗီဒီယို ကင်မရာရယ်က ဦးစားပေးသိမ်းဆည်းတဲ့အထဲမှာပေ့ါ။ ဒီမှတ်တမ်းတွေက ကိုယ့်ခရီးစဉ်ရဲ့ အသည်း၊ ပြောရလျင် စာရေးခြင်းဆိုတဲ့ ကိုယ့်ဝါသနာလုပ်ငန်း ရဲ့ အစိတ်အပိုင်းတွေ၊ အသက်တွေပဲလေ။

အမေရိကပြန်ရောက်တော့ ကိုယ့်ရဲ့ 'အင်္ဂလန်ခရီး မပြီးသေးပါ' အခန်းဆက် ဆောင်းပါးရှည်အတွက် အသုံးပြုဖို့ ဓာတ်ပုံတွေ ပြန်ကြည့်မယ်လုပ်တော့ USB ဒရိုက်ဗ်က ရှာလို့မတွေ့နိုင်ဖြစ်နေတယ်။ ကိုယ် သေသေချာချာကို သိမ်း ဆည်းခဲ့တာပါ။ ဘယ်လိုဖြစ်လို့ ရှာမတွေ့နိုင်ဖြစ်ရတာလဲလို့ အကြိမ်ကြိမ်ပြန် စဉ်းစားလိုက်တော့မှ ပြန်ခါနီးမှာမှ ကိုယ့်ဆီမှာ မရှိသေးတဲ့ ဓာတ်ပုံအချို့ကို မိတ်ဆွေကြီး ဦးတောသနဆီကနေ ကူးယူမယ်ဆိုပြီး သိမ်းပြီးသား USB ဒရိုက်ဗ်ကို ပြန်ထုတ်ပြီး သူ့ကွန်ပြူတာက ပုံတွေကို ကူးယူခဲ့တာ။ အဲဒီမှာ သူ့ ကွန်ပြူတာမှာ တပ်ထားခဲ့တဲ့ ကိုယ့် USB ဒရိုက်ဗ်ကို ပြန်လည် ဖြုတ်မယူ လာ ခဲ့မိတာကို သွားသတိရမိတယ်။ မေ့ကျန်ခဲ့တဲ့အတွက် ဦးတောသနဆီကို ပို့ပေးဖို့ အကူအညီတောင်းရတော့တယ်။ လန်ဒန်ကနေ တကူးတကာ ပို့ပေးရ တဲ့ သူ့အတွက်လည်း အလုပ်ပို။ ကိုယ့်အတွက်လည်း ကိုယ်လိုချင်တဲ့ပုံတွေ ကို ရုတ်တရက် လိုချိန်မှာ မရနိုင်တော့လို့ ကိုယ့်မေ့တတ်မှုကိုပဲ ပြန်လည် အပြစ်တင်နေမိပြန်ပါတယ်။ ဒီတော့လည်း ကြိုတင်ကာ စနစ်တကျ သိမ်း ဆည်းရုံမျှနဲ့လည်း မပြည့်စုံသေးဘူး။ နမော်နမဲ့ ရုပ်ပြာရုပ်ပြာ မလုပ်ဖို့လည်း လိုတယ်ဆိုတဲ့အတွေးနဲ့ လုပ်စရာရှိတာ ကြိုတင် လုပ်မထားပဲ အချိန်နီးမှ အပြေးအလွှား ကပ်လုပ်လို့ ခုလိုဖြစ်တာဆိုပြီး နောင်ဆိုလျင် လုပ်စရာရှိတာ အားလုံးကို ကြိုကြိုတင်တင် လုပ်ရမယ်ဆိုတဲ့ သင်္ခန်းစာကိုပါ ရမိပါတယ်။ ရတဲ့သင်္ခန်းစာကို အကောင်အထည်ဖော်ဖို့ မေ့နေဦးမှာကိုလည်း ကိုယ့်ကိုယ် ကို ကြိုသိနေပြန်ပါရဲ့။

လန်ဒန်ကအပြန် နယူးယောက်မှာ တစ်ထောက်နားတော့ နယူးယောက်ပြည်နယ်မြို့တော် အော်ဘနီကိုလည်း ဝင်ဖြစ်တယ်။ အဲဒီမှာတော့ ကိုယ့်ရဲ့ အမ်ပီသရီး အသံဖမ်းစက်လေးရဲ့ ဘက်ထရီသွင်းတဲ့ကြိုးလေးကို မေ့ချန်ထားခဲ့ပြန်ရော။ ဒါကတော့ အော်ဘနီဆရာတော်က သူ့မှာ အမ်ပီသရီးစက်သာရှိပြီး ဘက်ထရီသွင်းဖို့ ကြိုးမရှိဘူးဆိုတာနဲ့ ကိုယ့်မှာပါလာတဲ့ ကြိုးကို ခဏပေးကာ သုံးပြီး ပြန်ယူခဲ့ဖို့ မေ့နေခဲ့တာ။ သူ့မှာလည်း မရှိဘူးဆိုတော့ ဒါကိုတော့ ပြန်မှာမနေတော့ဘူး။ အင်တာနက်ကနေပဲ နောက်ထပ် ကြိုးတစ်ခု မှာလိုက်တော့တယ်။



ဇာတ်လမ်းက ဒီမှာ မဆုံးသေးဘူး။ ဒီနေ့ပဲ အော်ဘနီ ဆရာတော်က ဖလော်ရီဒါမှာနေတဲ့ စာရေးဆရာမကြီး စစ်ကိုင်းစိမ်းစိမ်း(ဒေါ်စုဇန်)ရဲ့ ဖုန်းနံပါတ် သူ့ဆီမှာပျောက်သွားလို့ ကိုယ့်ကိုယ်ပေးပါဦးလို့ လှမ်းတောင်းတယ်။ မနေ့က စနေနေ့ကမှ ကိုယ်က နယူးယောက်ကနေ ပြန်လာစ။ သိသူတွေအားလုံးရဲ့ ဖုန်းနံပါတ်တွေကို ကိုယ်က လက်ကိုင်ဖုန်းထဲမှာပဲ အကုန်လုံး ထည့်ထားတာ။ နောက်ပြီး ကိုယ်အလွတ်ရတဲ့ ဖုန်းနံပါတ်ကလည်း သုံးခုထက် မပိုဘူး။ ဒီတော့ တစ်ခါတရံမှသာ ဖုန်းဆက်ဖြစ်တဲ့ စစ်ကိုင်းစိမ်းစိမ်းရဲ့ ဖုန်းနံပါတ်ကိုလည်း ဘယ်မှာအလွတ်ရနိုင်ပါ့မလဲ။

ဖုန်းနံပါတ်ပေးဖို့ သူကတောင်းတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ကိုယ့်လက်ကိုင်ဖုန်းက ကိုယ့်ရဲ့ နောက်ဆုံး မေ့ကျန်ထားခံရမှုရဲ့ တရားခံဖြစ်ခဲ့ရှာပြီ။ လက်ကိုင်ဖုန်းက နယူးယောက်မှာ ပူပူနွေးနွေး ကိုယ်တည်းခဲ့တဲ့ မဟာအောင်မြေကျောင်းမှာ ကျန်နေခဲ့ပြီ။ မနေ့က နယူးယောက် လဂွားဒီးယားလေဆိပ်

ထဲကနေ ကိုစီးတဲ့လေယဉ်ဆိုက်ရောက်မယ့် ဆန်ဟိုဆေးလေဆိပ်ကို ကား လာကြိုဖို့ မောင်ကြည်ဖြူကို ဖုန်းဆက်မယ်လို့ လွယ်အိတ်ထဲကိုရှာကာမှ ဖုန်းပါမလာမှန်း သိတော့တာ။ ကိုယ်က ဖုန်းကို ဘယ်သူ့ဆီမှ မဆက်လို့ လွယ်အိတ်ထဲကနေ မထုတ်ခဲ့ဘူးလို့ ထင်ခဲ့တာကြောင့် ပြန်ခါနီးမှာ လွယ် အိတ်ကို သေသေချာချာ မစစ်ဆေးမိခဲ့ဘူး။ အိုင်ဒီနဲ့ခရက်ဒစ်ကဒ် ထည့်ထား တဲ့အိတ် ပါမပါကိုသာ အပြင်ဖက်ကနေ စမ်းကြည့်ဖြစ်ခဲ့တာ။ မေ့ကျန်တတ် တဲ့ ကိုယ့်အကျင့်ကိုသိလို့ ကိုယ့်အိပ်ရာနေရာနဲ့ ကိုယ်ထိုင်တတ်ခဲ့တဲ့ နေရာ များကိုတော့ မပြန်မီမှာ သေသေချာချာ မှတ်မှတ်ရရကို ကြည့်ဖြစ်ခဲ့တာပါ။ ဒါပေမယ့် ညက စောစောနိုးနေလို့ ဘယ်အချိန်ရှိပြီလဲဆိုတာ သိချင်တာနဲ့ လွယ်အိတ်ထဲနေ ဖုန်းကိုထုတ်ပြီး နာရီကြည့်ခဲ့မိတာကို သတိမရလိုက်ဘူး။ ဒီတော့ နာရီကြည့်ပြီး အိတ်ထဲကို ပြန်မထည့်မိတဲ့ တယ်လီဖုန်းက ခေါင်းအုံး အောက်မှာ ရောက်နေတာကြောင့် ပြန်ခါနီးမှာ အိပ်ရာဘေးကို သေချာကြည့် မိပေမယ့် တယ်လီဖုန်းက ခုလို ကျန်နေရစ်ခဲ့တာပါ။ ခေါင်းအုန်းတစ်လုံးက တယ်လီဖုန်းတစ်လုံးကို မမြင်နိုင်အောင် ကွယ်ကာထားနိုင်ခဲ့တာ။ ခေါင်းတစ် လုံးဆိုလျှင် ဘာတွေကိုများ မမြင်နိုင်အောင် ကွယ်ကာထားနိုင်မလဲ။ ဒါလည်း စဉ်းစားစရာ။ သခ်ံနားစာ တစ်မျိုးလေလား။ ခုလည်း မဟာအောင်မြေဆရာ တော် ဦးဝိလာသကို ကျန်ရစ်ခဲ့တဲ့ ဖုန်းပို့ပေးဖို့ အကူတောင်းရပြန်ပြီ။

ကိုယ်မေ့တတ်တာတွေထဲမှာ ဂရုမစိုက်ခဲ့လို့၊ ပေ့ါဆလို့ မဟုတ်ပဲ ဂရုစိုက်တဲ့ ကြားကကိုပဲ မေ့ဖြစ်အောင် မေ့တတ်တာ။ ကျန်ဖြစ်အောင် ကျန်နေခဲ့တတ် တာမျိုးကို ပြောပြချင်တာပါ။ ဘဝမှာလည်း ဒီလိုပါပဲ၊ အထူးဂရုပြုနေတဲ့ ကြား ကကိုပဲ မေ့ပျောက်သွားတတ်တာမျိုး။ ကျန်ရစ်ခဲ့တတ်တာမျိုးတွေ ရှိနိုင်တာ ပါပဲ။ အရာရာတိုင်းမှာ ဂရုတစိုက်လုပ်ရုံမျှနဲ့ ကိုယ်ဖြစ်ချင်တဲ့အတိုင်း ဖြစ်လိမ့် မယ်။ ဘေးကင်းလုံခြုံလိမ့်မယ်။ အောင်မြင်မှုကို ရနိုင်လိမ့်မယ်လို့ ပုံသေ တွက်ဆလို့ မရနိုင်ဘူးဆိုတဲ့ အသိကိုပါ ရလိုက်ပါတယ်။

အထူးသဖြင့် ကိုယ်မမေ့ခင်မှာ မင်းကို ကိုယ်ပြောချင်တာတစ်ခုတော့ ရှိပါ တယ်။ ခုကိုယ့်တွေအချို့ကို ပြောပြပြီးပြီမို့ ကိုယ့်အကြောင်း တစေ့တစောင်း

ကို မင်းသိပြီပေါ့။ ဒီတော့ တကယ်လို့များ ကိုယ်က အမှတ်တရ မင်းအမှာပါး တာ တခုခုကိုများ မေ့ပါပြီတဲ့။ မင်းပြောတာကို သတိမရ ဖြစ်ပါပြီတဲ့။ မင်းကို မလေးစားလို့၊ မင်းပြောတာကို ဂရုမစိုက်လို့များလားလို့ မင်းက ကိုယ့်ကိုယ် အပြစ်တင်ချင်ပါသေးလား။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက တစ်နေရာမှာ တစ်ကြိမ်လေးသာ တွေ့ခဲ့ဖူးပြီး တခဏလေးမျှသာ စကားလက်ဆုံကြုံဖူးကာမျှနဲ့ နောင်တချိန် ပြန်လည်ဆုံတွေ့လို့ မင်းကို ကိုယ်က မမှတ်မိခဲ့ရင်။ မင်းနာမည်ကို ရုတ်တရက်ခေါ်ဖို့ ကိုယ်က မေ့များနေခဲ့ရင်။ နာမည်ပြောပါဦးလို့များ ကိုယ်ကမေးခဲ့ရင်။ မမှတ်မိရကောင်းလား။ မေ့ရကောင်းလားလို့ မင်းက ကိုယ့်ကိုယ် အပြစ်တင်လိုရက်ပါသေးလား။

ကိုယ်ရှင်ပြုခဲ့တဲ့ခုနှစ်ကိုပင် မမှတ်မိတဲ့ကိုယ်။ ကိုယ်ဘွဲ့ရတဲ့နှစ်ကို မမှတ်မိတဲ့ကိုယ်။ ကိုယ်နေခဲ့တဲ့နေရာတွေရဲ့ ခုနှစ်တွေကို တိတိကျကျ မရေတွက်တတ်တဲ့ကိုယ်။ တစ်နှစ်က ကိုယ့်မွေးနေ့ရောက်လျှင် ကိုယ့်မွေးမိခင် ကျေးဇူးရှင်ကြီးဆီကို မှတ်မှတ်ရရ ဖုန်းဆက်မယ်လို့ တင်ကြိုစိတ်ကူးပြီး မမေ့ရအောင် ကိုယ်အမြဲသုံးတဲ့ ကွန်ပြူတာမှာ စာတိုနုတ်လေးရေးကာ ကပ်ထားပေမယ့် ကိုယ့်မွေးနေ့ တကယ်ရောက်တဲ့ နေ့မှာတော့ အဲဒီကိုယ့်မျက်စေ့အောက်က စာတိုလေးကိုဖတ်ဖို့ မေ့နေခဲ့လို့ မိခင်ကြီးဆီ ဖုန်းဆက်ဖို့ မေ့သွားဖူးတဲ့ကိုယ်။

အဲဒီကိုယ်က အရင်တစ်နှစ်က မင်းမွေးနေ့မှာ အမှတ်တရမင်းကျွေးတာကို စားခဲ့ပေမယ့် ဒီနှစ်မှာတွေ့တော့ မင်းပြောပြတဲ့ မင်းမွေးနေ့ကို အော် ဟုတ်လား။ မင်းမွေးနေ့က ဒီနေ့လားလို့ တအံ့တသြ ပြောမိတာကို မေ့တတ်ရန်ကောလို့ မင်းကိုယ့်ကိုယ် အပြစ်တင်ချင်ပါသေးလား။ အပြင်မှာ အကြိမ်များစွာ စကားလက်ဆုံကြုံဖူးပေမယ့် တစ်ခါဘူးမျှ ဖုန်းထဲမှာ စကားမပြောခဲ့ဘူးသူ၊ သူက ကိုယ်နေထိုင်ရာကျောင်းကို ဖုန်းဆက်လာခိုက် တယ်လီဖုန်းထဲက သူ့အသံကို မမှတ်မိရကောင်းလားရယ်လို့ ကိုယ့် ကိုယ်ပြစ်တင်စကားဆိုလာခဲ့တော့ အရာရာကို မေ့တတ်တဲ့ ကိုယ့်အကျင့်ထဲမှာ အဲဒီလို အသံကို မကျက်မိတတ်၊ မမှတ်မိတတ်တာလည်းပါတယ်။ အသံကို မေ့တတ်တာလည်း ပါပါတယ်ဆိုတဲ့ အကြောင်းကိုလည်း ကိုယ်က အမှတ်တရ ပြောပြချင်ပါသေးတယ်။ အထူးသဖြင့်တော့ ကိုယ်ပြောသလို ကိုယ်က မေ့တတ်ပေမယ့်

ကိုယ့်အမေ့တွေနဲ့ စပ်ဆိုင်သူတွေကို သတိရနေမိတာကြောင့် ဒီစာကို ရေးဖြစ်တယ်ဆိုတာကိုတော့ဖြင့် မမေ့နိုင်စွာ ပြောပြလိုက်ချင်ပါသေးရဲ့။ ။

(ကိုယ်ရေးခဲ့တဲ့ အမေအကြောင်းဆောင်းပါးနှစ်ပုဒ်ကိုဖတ်ပြီး အမေ့အကြောင်း ဆက်ရေးပါဦးလို့ဆိုတဲ့ မိတ်ဆွေရဲ့ စကားကို မမေ့မိမှာ ကိုယ့်အမေ့အကြောင်း ရေးလိုက်တာ။ ဒါပေမယ့် ဒီအမေ့အကြောင်းက ကိုယ့်အဖို့ ကြည်နူးစရာ မဟုတ်သလို ကောင်းခြင်းမင်္ဂလာကိုလည်း သယ်ဆောင်ကာ မလာပါဘူး)။

Dec. 7, 2009